အပိုင်း (၂) ယခင်လမှအဆက်–

# သင့်ကလေးငယ်၏ အပြုအမူများသည် လောကကြီးကို လှုပ်ရှားမှု၊ ထိတွေ့မှု၊ မြင်မှု၊ ကြားမှုနှင့် အနံ့ခံမှုတို့မှ တစ်ဆင့်အာရုံခံနေပုံကိုပြသည်။

အထီးကျန်စိတ်ဝေဒနာရှိသော ကလေးအများအပြားကို ရှေ့ပိုင်းစာမျက်နှာများတွင် ပြသပြီးဖြစ်သည်။ သူတို့သည် ပတ်ဝန်းကျင်လောကကို တစ်မူထူးခြားသော အမူအရာများဖြင့် တုံ့ပြန်သည်။ သူတို့သည် အခြင်းအရာများကို ကျွန်ုပ်တို့နည်းတူ အာရုံခံစားနိုင်ခြင်းမရှိပါ။ သင်၏ကလေးငယ်သည် အချို့သော အာရုံထိတွေ့ မှုကို အလွန်အကျွံ တုံ့ပြန်ကောင်းတုံ့ပြန်မည်။ သူ့ကိုအလွန်အမင်းလှုံ့ဆော်ရန် အာရုံခံစားမှုပမာဏအနည်းမျှသာ လိုအပ်သည်။ သင်၏ ကလေးငယ်သည် အလွန်အကျွံစိတ် ထိခိုက်လွယ်လျှင်သူသည် စိတ်ပျက်လာပြီး သူမနှစ်သက်သော အာရုံထိတွေ့မှုတို့ကို ရှောင်တိမ်းရန် ကြိုးစားတတ်သည်။ ရှေ့တွင်ဖော်ပြခဲ့သောကလေးသူငယ်များ ထဲမှတစ်ယောက်ဖြစ်သည့် ခရစ္စတိုဖာ သည် ဖုန်စုပ်စက်အသံကို မခံမရပ်နိုင်ဖြစ် လွန်းသောကြောင့် ထိုဆူညံသံကို တားဆီးရန် သူ့နားကို အုပ်ထားခြင်း ဖြစ်သည်။

တစ်ချိန်တည်းမှာပင် သင်၏ကလေးငယ်သည် အချို့သော အာရုံထိတွေ့မှုတို့ကို တုံ့ပြန်နိုင်စွမ်းနည်းပါးကောင်း နည်းပါးနေမည်။ သူ့ကို လှုံ့ဆော်ရန် တွေ့ထိမှုအများအပြားလိုအပ်သောကြောင့် ထိုအထိအတွေ့ကို လိုက်လံရှာဖွေတတ် သည်။ သူတို့လိုအပ်သော အာရုံခံအထိအတွေ့ကို ခေါက်တုံ့ခေါက်ပြန်ပြေးလွှားခြင်း၊ လှုပ်ယမ်းခြင်း သို့မဟုတ် ခုန်ခြင်း တို့ဖြင့် ရှာဖွေတတ်သောကြောင့် လှုပ်ရှားမှုကို တုံ့ပြန်မှုနည်းပါးသော ကလေးများအဖို့ ထူးထူးခြားခြား သွက်လက် လှုပ်ရှားနေတတ်သည်။ သို့ရာတွင် အာရုံထိတွေ့မှုကို တုံ့ပြန်မှုနည်းပါးပါလျက် မတုန်မလှုပ်နေသော ကလေးများလည်း ရှိတတ်သည်။ သူတို့သည် လောကကြီးမှ လိုလောက်သော လှုံ့ဆော်မှုကိုမရသောကြောင့် ပတ်ဝန်းကျင် လောကကို မတုံ့ပြန်ဘဲ နေတတ်ကြသည်။

သင်၏ ကလေးငယ်သည် တစ်ချို့အာရုံထိတွေ့မှုတို့ကို အလွန်အကျွံတုံ့ပြန်၍ အချို့ကိုမူ တုံ့ပြန်မှုနည်းနေ တတ်သည့် တုံ့–ပြန်မှုရောနှောသော ကလေးမျိုး ဖြစ်နိုင်သေးသည်။ အထီးကျန်စိတ်ဝေဒနာရှိသော ကလေးငယ်အများ အပြားသည် ပြောစကားကို တုံ့ပြန်မှုလျော့နည်းလွန်း၍ ထိုအသံများက သူတို့ကို စိတ်အနှောင့် အယှက်ဖြစ်စေကာမူ တုံ့ပြန်မှုမပြုဘဲ နေတတ်ကြသည်။ သင့်ကလေးငယ်သည် ပြောစကားအသံများကိုကြားရန် အခက်အခဲရှိနေလျှင် သင်ပြောသမျှကို အာရုံစူးစိုက်ရန်လည်း သူ့အတွက်ခဲယဉ်းလိမ့်မည်။

စာမျက်နှာ ၃၊ ၄ နှင့် ၅ တို့တွင် ပါရှိသော ရုပ်ပုံများထဲက ကလေးတို့၏ အမူအရာသည် ဘရင့်တစ် ယောက်မှလွဲ၍ ရှင်းပြနိုင်သည်။ သူတို့သည် မည်သည့်အာရုံထိတွေ့မှုကို အလွန်အကျွံတုံ့ပြန်တတ်၍ မည်သည့် အာရုံအထိအတွေ့ကို တုံ့ပြန်မှု နည်းပါးလွန်းကြောင်း ရှင်းပြနိုင်သည်။

အထီးကျန်စိတ်ဝေဒနာရှိသော ကလေးအများအပြားကဲ့သို့ပင် သုံးဘီးစက်ဘီးကို မည်သို့နင်းရမည်မှန်း မသိသော ဘရင့်တွင် ကြီးဆလှုပ်ရှားနိုင်စွမ်းနဲ့ အခက်တွေ့နေရခြင်းဖြစ်သည်။ လှုပ်ရှားမှုများကိုကြီးဆ၍ ဆောင်ရွက်ရန် ဤကလေးအတွက် အခက်အခဲဖြစ်နေခြင်းကို ဆို–လိုသည်။

သင်၏ကလေးသူငယ်သည် ကြီးဆလှုပ်ရှားမှုအခက်အခဲများရှိနေလျှင် ပစ္စည်းများကို တိုက်မိခိုက်မိနိုင်သည်။ သူသည် လုပ်ဆောင်မှုအများအပြားထက် လုပ်ဆောင်မှုနည်းတစ်ခုကို တတ်မြောက်ရန် ပိုမိုလွယ်ကူကြောင်း သိရှိသောကြောင့် သူ၏ ကစားစရာများကို ထပ်ဖန်တလဲလဲ ပြုလုပ်သောနည်းဖြင့် ကစားကောင်း ကစားလိမ့်မည်။ စကားပြောဆိုခြင်းသည် ပါးစပ်၊ လျှာနှင့် အသံအိုးတို့အတွက် ကြီးဆလှုပ်ရှားမှုအများအပြား လိုအပ်သောကြောင့် အထီးကျန်ဝေဒနာရှိသော ကလေးအချို့အဖို့စကားပြောခြင်းသည် အခက်အခဲတစ်ခု ဖြစ်နေတတ်သည်။



ဘရင့်သည် ကြီးဆဆောင်ရွက်မှုတွင် အခက်အခဲ ရှိသည်။ သူသည် စက်ဘီးကိုစီးရန် လိုအပ်သော လုပ်ဆောင်မှုများကို ကြီးဆဆောင်ရွက်နိုင်စွမ်း မရှိပါ။

**Lighthouse** ကျောင်းတွင် တက်ရောက်ပညာ သင်ကြားနေသော မောင်လင်းထွတ်ကျော်နှင့် မိဘများဖြစ်သော ဒေါက်တာအောင်ကျော်မြင့်၊ ဒေါက်တာနန္ဒာစိန် မိသားစုမှ လှူဒါန်းသော **Building Bridges Through Sensory Integration** စာအုပ်အား ဆရာမဒေါ်ရီဝေလင်းမှ ဘာသာပြန်ဆို၍ **Myanmar Autism Newsletter** တွင် ထည့်သွင်းခွင့်ပြုခဲ့သည့်အတွက် မောင်လင်းထွတ်ကျော် မိသားစုနှင့် ဆရာမဒေါ်ရီဝေလင်းတို့အား မြန်မာအော်တစ်ဇင်အသင်းမှ အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။